**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

## (၇၆) နှစ်မြောက် ကရင်အမျိုးသားနေ့သို့ ပေးပို့သော ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သဝဏ်လွှာ

နေ့ရက် - ကရင်နှစ် ၂၇၆၃ နှစ်၊ ထေးကူ လဆန်း (၂) ရက်
ခရစ်နှစ် ၂၀၂၄ နှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်

**ချစ်ခင်လေးစားအပ်ပါသော ကရင်အမျိုးသားအပေါင်းတို့**

ယနေ့ ဖေဖော်ဝါရီလ ၁၁ ရက်နေ့သည် ကရင်တမျိုးသားလုံး၏ (၇၆) နှစ်မြောက် ကရင်အမျိုးသားနေ့ ဖြစ်သည်။ ကရင်အမျိုးသားနေ့သည် ကရင့်သမိုင်းတလျှောက်တွင် ကရင်အမျိုးသားများ၏ စည်းလုံးညီညွတ်မှု ၊ ရပ်တည်ခံယူမှုနှင့်လိုအင်ဆန္ဒများကို ပထမဦးစွာ ထုတ်ဖော်ပြသသည့် သမိုင်းဝင်နေ့ဖြစ်သည်။ ယနေ့သည် ကရင်တမျိုးသားလုံး၏ စိတ်အားတက်ကြွမှု၊ အနစ်နာခံမှု ၊ ပေးဆပ်မှုများနှင့်အတူ ခွန်အားဖြစ်စေသော ယဉ်ကျေးမှုတရပ်ဖြင့် ဖော်ထုတ်ပြသသော နေ့ထူးနေ့မြတ်တခုဖြစ်ပါသည်။ (၇၆) နှစ်မြောက် ကရင်အမျိုးသားနေ့တွင် ကရင်တမျိုးသားလုံးတောင်းဆိုခဲ့ကြသည့်အတိုင်း ကရင်အမျိုးသားများအားလုံး ငြိမ်းချမ်းခြင်း၊ ကြွယ်ဝချမ်းသာခြင်း နှင့် ဂုဏ်ကျက်သရေအဖြာဖြာ ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်အမျိုးသားအပေါင်းတို့**

ဒုတိယကမ္ဘာစစ် ပြီးဆုံးသည့်အချိန်မှစ၍ ကရင်တမျိုးသားလုံးသည် ကရင်ပြည်ရရှိရေးအတွက် တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြသည်၊ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့တွင် ကေအဲန်ယူမှ ဖဆပလ အစိုးရထံ ကရင်ပြည်ပေးရန်တောင်းဆိုခဲ့သည်၊ တောင်းဆိုချက်အား ၁၉၄၈ ခုနှစ် မတ်လ ၃ ရက်နေ့ နောက်ဆုံးအကြောင်းပြန်ရန် နှင့်ပြန်စာမရရှိက သို့တည်းမဟုတ် ကရင်ပြည်ပေးဖို့ ငြင်းဆိုပါက ကရင်အမျိုးသားများအနေဖြင့် ခြေတလှမ်းတက်လှမ်းမည်ဟုပါရှိသည်။ ကရင်ပြည်ရရှိရေး တောင်းဆိုချက်အား ပိုမိုလေးနက်စေရန်အတွက် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံတဝှမ်းလုံးရှိ ကရင်အမျိုးသားအားလုံး ကရင်ပြည်လိုလားကြောင်း ကရင်အမျိုးသားတို့၏ဆန္ဒကို ထုတ်ဖော်ပြသရန် ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အတိုင်း ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် မြန်မာပြည်တဝှမ်းလုံးရှိ ကရင်တမျိုးသားထု တရပ်လုံးမှ ကရင်အမျိုးသား အလံတော်ကို ကိုင်ဆောင်လျက် ကရင်ပြည် လိုလားကြောင်း နှင့် လွတ်လပ်မှု၊ တန်းတူမှု၊ ငြိမ်းချမ်းမှု၊ လူမျိုးစုံချစ်ကြည်မှု တို့ကို အခြေခံသည့်

(၁) ကရင်ပြည်ချက်ချင်းပေး( လွတ်လပ်ရေး)

(၂) ကရင်တစ်ကျပ် ဗမာတစ်ကျပ်ချက်ချင်းပြ ( တန်းတူရေး)

(၃) ပြည်တွင်းစစ် အလိုမရှိ (ငြိမ်းချမ်းရေး)

(၄)လူမျိုးရေးအဓိကရုဏ်း အလိုမရှိ(လူမျိုးစုံချစ်ကြည်ရေး) စသည့်

တောင်းဆိုချက်များကိုဆွဲကိုင်ပြီး ငြိမ်းချမ်းစွာဆန္ဒ ထုတ်ဖော်ခဲ့ကြသည်။

ကရင်အမျိုးသားတို့၏ ဆန္ဒထုတ်ဖော်မှုတွင် အောက်မြန်မာပြည်တွင်နေထိုင်သော ကရင်လူမျိုးများသာမက မြောက်ဘက် မြစ်ကြီးနားမှစ၍ တောင်ဘက် ဘိတ်မြို့အထိ လည်းကောင်း၊ ရှမ်းပြည်တွင် နန်းခမ်း၊ ကျိုင်းတုံ၊ ကွတ်ခိုင်၊ လားရှိုး၊ တောင်ကြီး နှင့် မြန်မာပြည် အလယ်ပိုင်းတွင် ချောက်၊ ရေနံချောင်းမြို့ များတွင်လည်း ချီတက် တောင်းဆိုခဲ့ကြသည်။ ဖဆပလ အစိုးရ မှလည်း နှောက်ယှက်ခြင်းများ ပြုလုပ်ခဲ့သည်။ သို့သော် ကရင်လူထု (၄)သိန်းကျော်တို့မှ စည်းလုံးညီညွတ်စွာ၊ ငြိမ်းချမ်းစွာဖြင့် ချီတက်၍ မိမိတို့ ကရင်အမျိုးသားတို့ လိုလားသော အမျိုးသားရေးလိုလားချက်နှင့် နိုင်ငံရေးဆန္ဒတို့ကို ဖော်ထုတ်ပြသခဲ့ကြသည်။ ထိုနေ့ရက်တွင် ထုတ်ဖော်ပြသ ခဲ့သော ကရင်အမျိုးသားတို့၏ သမိုင်းဝင်ဆန္ဒဖော်ထုတ်သည့် လှုပ်ရှားမှုကြီးသည် မြန်မာပြည်သမိုင်း တလျှောက် တွင် အကြီးမားဆုံး ဆန္ဒထုတ်ဖော်ခြင်း ဖြစ်ခဲ့သလို အငြိမ်းချမ်းဆုံးနှင့် စည်းကမ်းအရှိဆုံး ဆန္ဒထုတ်ဖော် လှုပ်ရှား မှုအဖြစ် ကမ္ဘာ့သမိုင်းမှတ်တမ်းဝင်ခဲ့သည်။ မိမိတို့ကရင်အမျိုးသားများ၏ နိုင်ငံရေးရည်မှန်းချက်ပန်းတိုင် နှင့် ကရင်အမျိုးသားရေးဆိုင်ရာကိစ္စရပ်များတွင် ကရင်အမျိုးသားများအနေဖြင့် မျက်စိဖွင့်နားစွင့်နေခဲ့ကြပြီး စည်းလုံး ညီညွတ်စွာဖြင့် စိတ်ဓာတ်ခွန်အား အပြည့်ရှိကြောင်း ဤအမျိုးသားလူထုလှုပ်ရှားမှုကြီးက ထုတ်ဖော်ပြသခဲ့သည်။ ကရင်အမျိုးသားများ၏ ဂုဏ်အင်္ဂါရပ်များနှင့် အမျိုးသားရေး လက္ခဏာရပ်များသည် အေးချမ်းစွာ နေထိုင်လိုသည့် စိတ်ဆန္ဒ နှင့် လူမှုဘဝ ဓလေ့စရိုက်ကို ယဉ်ကျေးစွာ ထုတ်ဖော်ပြသသည့် နေ့တနေ့ဖြစ်ပါသည်။

ကရင့်သမိုင်းတလျှောက်တွင် ကရင်လူမျိုးများသည် စစ်အာဏာရှင် အဆက်ဆက်တို့၏ ဖိနှိပ်ချုပ်ချယ်မှု၊ နည်းမျိုး စုံဖြင့် အတင်းအဓမ္မခိုင်းစေခြင်း၊ ကျွန်ပြုခြင်း၊ အကြမ်းဖက်အနိုင်ကျင့်ခြင်း စသည်တို့ကြောင့် လူမျိုးတမျိုးအနေ ဖြင့် ခက်ခဲကြမ်းတမ်းစွာ ရပ်တည်ရှင်သန်ခဲ့ရသည်။ မဟာလူမျိုးကြီးဝါဒကိုင်စွဲသော ဗမာ့တပ်မတော်သည် နိုင်ငံ အာဏာကို အတင်းအဓမ္မ ရယူကာ စစ်အာဏာရှင်စနစ်အား စစ်အုပ်ချုပ်ရေးစနစ်ပုံစံမျိုးစုံဖြင့် ကျင့်သုံးခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင်လည်း နိုင်ငံအာဏာကို အတင်းအဓမ္မ လုယူခဲ့ပြန်သည်။ ဗမာ့ တပ်မတော်မှ နိုင်ငံအာဏာရယူခြင်းအပေါ် ပြည်သူလူထုတရပ်လုံးမှ လုံးဝလက်ခံနိုင်ခြင်း မရှိသောကြောင့် နည်းလမ်းမျိုးစုံဖြင့် ဆန့်ကျင်ပြီး လက်နက်စွဲကိုင်တော်လှန်လျက်ရှိပါသည်။ ဗမာ့တပ်မတော်အနေဖြင့် ပြည်သူ လူထု၏ ဆန့်ကျင်တော်လှန်မှုများကို ဖြိုခွဲဖျက်ဆီးရန် စစ်ရေးအရ အကြမ်းဖက်သည့် နည်းလမ်းများကို ဆိုးရွားစွာ ဖြင့် ပြုမူလုပ်ဆောင်နေလျက်ရှိသည့်အတွက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်နယ်မြေအတွင်း စစ်ဘေးရှောင်နေရသော လူဦးရေမှာ (၇) သိန်းခွဲကျော်ရှိပြီ ဖြစ်သည်။

ကရင်အမျိုးသားတို့၏ အမျိုးသားရေးကြိုးပမ်းမှုအဓိကရည်မှန်းချက်သည် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူ ညီမျှမှု နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ဖြစ်သည်။ ကရင်အမျိုးသားရေးကြိုးပမ်းမှုကြီးသည် နိုင်ငံရေး လှုပ်ရှားမှု များမှ စတင်ခဲ့ပြီး နောက်ပိုင်းတွင် လက်နက်ကိုင်ခုခံတော်လှန်ရေးသို့ ကူးပြောင်းခဲ့ရပြီး အဓိကရည်ရွယ်ချက်သည် လူမျိုးတမျိုးအနေဖြင့် မိမိတို့လူမျိုး၏ အမျိုးသားရေးဆိုင်ရာအခွင့်အရေးများဖြစ်သည့် ဂုဏ်ဂိသေသလက္ခဏာ အင်္ဂါရပ်များ ရှင်သန်ရပ်တည်ရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုအာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး ဖြစ်သည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကရင်တမျိုးသားလုံး၏ အမျိုးသားရေးမျှော်မှန်းချက် နှင့် နိုင်ငံရေး ရည်မှန်းချက်ဖြစ်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက် ရေးတွင် ကော်သူးလေဖက်ဒရယ်ယူနစ်အဖြစ် ပေါ်ထွန်းလာရန် ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။ ခိုင်မာ အားကောင်းသော ကော်သူးလေဖက်ဒရယ်ယူနစ် ဖြစ်ပေါ်လာရန် ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ၊ ကရင် နိုင်ငံရေးပါတီများ၊ ကရင်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာရောက်ကရင်အမျိုးသားများ နှင့် ကရင်အမျိုးသားထု တရပ်လုံးတို့မှ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပါသည်။ ဘဝတူအဖိနှိပ်ခံ တိုင်းရင်းသား လူမျိုးစု များနှင့်အတူ တန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ယူနစ်များ ဖြစ်ပေါ်လာစေရန်

အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် ဦးလည်မသုန် တော်လှန်တိုက်ပွဲဝင်ရမည်ဖြစ်သည်။

ကရင်အမျိုးသားများ၏ ဖြတ်သန်းလာရသော သမိုင်းကြောင်း၊ ဘဝအတွေ့အကြုံ၊ ကြိုးပမ်းအားထုတ်ခဲ့မှုများတို့အား ပြန်လည်သတိရသိရှိခြင်းအားဖြင့် တော်လှန်သော အမျိုးသားရေးစိတ်ဓာတ် ရှင်သန်လာရန် မွေးမြူကြရမည်ဖြစ်သည်။ ကရင်အမျိုးသားထု၏ နိုင်ငံရေးရည်မှန်းချက်ပြည့်ဝရန် ကြိုးပမ်း အားထုတ်ကြရမည်ကို အထူးသတိရှိရမည်ဖြစ်သည်။ မိမိတို့၏ အမျိုးသားတော်လှန်ရေးကိုလည်း ကရင်အမျိုးသားရေးတာဝန်တရပ်အဖြစ် ဆက်လက် ပခုံးပြောင်း တာဝန်ယူရမည်မှာ မျိုးဆက်သစ်ကရင်လူငယ်များပင် ဖြစ်သည်။ ယခင်အချိန်ကာလက မိမိတို့ကရင်အမျိုးသား ခေါင်းဆောင်ကြီးများနှင့် မျိုးချစ်တော်လှန်ရေးသမားများ၏ ပေးဆပ်ခဲ့ကြသော သမိုင်း၊ အသက်၊ သွေး၊ ချွေး၊ ခန္ဓာ  တို့ကို ဦးညွတ်ဂုဏ်ပြု လေးစား အသိအမှတ်ပြုရမှာဖြစ်ပြီး စံနမူနာထား အတုယူရမည်လည်းဖြစ်သည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်အမျိုးသားအပေါင်းတို့**

လက်ရှိနိုင်ငံရေး အချို့အကွေ့အပြောင်းအလဲများအရ အမျိုးသားရေး လိုလားချက်များရရှိအောင်မြင်ရေး အတွက် လမ်းကြောင်းမျိုးစုံမှ တစ်ခုတည်းသော ပန်းတိုင်ကို လှမ်းချီနေရန်၊ အခွင့်အရေးများရှိနေပြီဖြစ်သောကြောင့် ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ၊ ကရင်နိုင်ငံရေးပါတီများ၊ ကရင်လူမှုအဖွဲ့အစည်းများတို့အနေဖြင့် ပြန်လည်ပူးပေါင်းစုစည်းပြီး ကရင်အမျိုးသားအလံတော်တခုတည်းအောက်တွင် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှဖြင့် သစ္စာရှိစွာ ပေးဆပ်လုပ်ဆောင်ရန် အချိန်သင့်ပြီ ဖြစ်ပါသည်။

ကရင်အမျိုးသားများ၊ စစ်သည်တော်များ၊ လူငယ်ခေါင်းဆောင်များနှင့် အနာဂါတ်မျိုးဆက်သစ်များတို့အနေဖြင့် ယနေ့ကျရောက်သော (၇၆) နှစ်မြောက် ကရင်အမျိုးသားနေ့တွင် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်နေ့၌ ထုတ်ဖော်ပြသခဲ့သည့် အမျိုးသားရေးမျှော်မှန်းချက်များဖြစ်သော ကရင်အမျိုးသားများ၏ မျိုးချစ်စိတ်ဓါတ်နှင့် ခံယူချက်၊ ဂုဏ်ဝိသေသလက္ခဏာများ၊ ဂုဏ်အင်္ဂါရပ်များ၊ နိုင်ငံရေးရည်မှန်းချက်များ၊ အမျိုးသားရေး လိုအင်ဆန္ဒများဖြစ်သည့် ကရင်လူမျိုးတမျိုးအဖြစ် အစဉ်ထာဝရ ရှင်သန်ရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ကြိုးပမ်းအားထုတ်တိုက်ပွဲဝင်သွားကြရန် တိုက်တွန်းရင်း ကရင်အမျိုးသားများနှင့် ပြည်သူလူထုတရပ်လုံး ဘေးရန်အပေါင်းမှ ကင်းဝေးပြီး တော်လှန်ရေးရည်မှန်းချက်များရရှိ အောင်မြင်ပါစေကြောင်း ဆန္ဒပြုလျက်  ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်

*********